စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# မက္ကဒေးမီးယား

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## အမှတ်စဉ် (၀၀၂၆)

(HS–Code 080261)

Fresh or dried macadamia nuts, in shell





















September 2019

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT : 080261 Fresh or dried macadamia nuts, in shell

(HS–Code 080261)

Fresh or dried macadamia nuts, in shell


ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

၂၀၁၈ ခုနှစ်၌ ကမ္ဘာ့အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ


**Fig 1: Top 10 World importers in 2018**

| No | Importers | Value Imported in 2018 (US$,000) | Quantity Imported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | Viet Nam | 104225 | 23967 | 4349 | 36.3 |
| 2 | Hong Kong, China | 89481 | 15786 | 5668 | 31.1 |
| 3 | China | 73096 | 15804 | 4625 | 25.4 |
| 4 | South Africa | 9685 | 2231 | 4341 | 3.4 |
| 5 | Malaysia | 2551 | 206 | 12383 | 0.9 |
| 6 | Germany | 1634 | 252 | 6484 | 0.6 |
| 7 | United States of America | 1338 | 825 | 1622 | 0.5 |
| 8 | Netherlands | 904 | 56 | 16143 | 0.3 |
| 9 | Costa Rica | 885 | 314 | 2818 | 0.3 |
| 10 | Kyrgyzstan | 425 | 984 | 432 | 0.1 |
| 11 | other | 3254 | 660 | -54159 | 1.1 |
| 12 | World Total | 287478 | 61085 | 4706 | 100 |

**Source : ITC TradeMap**




Source : ITC TradeMap




Source : ITC TradeMap

၁။ ၂၀၁၈ ခုနှစ်တွင် (HS.Code–080261) မက္ကဒေးမီးယားအား အများဆုံး တင်သွင်းခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ ဗီယက်နမ်၊ ဟောင်ကောင် (တရုတ်)၊ တရုတ်၊ တောင်အာဖရိက၊ မလေးရှား၊ ဂျာမဏီ၊ အမေရိကန်၊ နယ်သာလန်စ်၊ ကော့စတာရီကာ၊ ကာဂျစ္စတန်တို့ဖြစ်ကြသည်ကို ITC Trade Map အရ သိရှိရသည်။ ဗီယက်နမ်၏ ၂၀၁၈ခုနှစ် သွင်းကုန်တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ ၁၀၄ ဒသမ ၂၂၅ သန်းရှိပြီး ကမ္ဘာ့ မက္ကဒေးမီးယား ဈေးကွက်၏ ဈေးကွက်ဝေစု ၃၆ ဒသမ ၃ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် ဟောင်ကောင် (တရုတ်) ကသွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၈၉ ဒသမ ၄၈၁ သန်းဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၃၁ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ တရုတ်က ကန်ဒေါ်လာ ၇၃ ဒသမ ၀၉၆ သန်းဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၂၅ ဒသမ ၄ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ တောင်အာဖရိက၊ မလေးရှား၊ ဂျာမဏီ၊ အမေရိကန်၊ နယ်သာလန်စ်၊ ကော့စတာရီကာ၊ ကာဂျစ္စတန်တို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့မက္ကဒေးမီးယား တင်သွင်းသည့် နိုင်ငံပေါင်း (၇၁) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံ၏တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် နယ်သာလန်စ်ကဝယ်ယူသည့်ဈေးမှာအမြင့်ဆုံးဖြစ်ပြီး မလေးရှားက ဒုတိယ၊ ဂျာမဏီက တတိယ၊ ဟောင်ကောင် (တရုတ်)က စတုတ္ထနှင့် တရုတ်က ပဥ္စမတို့ ဖြစ်ကြသည်။

## မြန်မာ့ မက္ကဒေးမီးယား တင်ပို့သည့် ထိပ်တန်း (၂) နိုင်ငံ (၂၀၁၈)

**Fig 2: Top 2 Importers of Myanmar in 2018**

| Importer Countries | Value Imported in 2018 (US$,000) | Quantity Imported in 2018 (Tons) | Unit Value $/Ton | Market Share % | |
|---|---|---|---|---|---|
| China | 3 | 4 | 750 | 100 | Direct data |
| Thailand | 6 | 6 | 1000 | 100 | Mirror data |

**Source : ITC TradeMap**

၂။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့ မက္ကဒေးမီးယားအား အများဆုံး တင်ပို့ရောင်းချခဲ့သည့် နိုင်ငံများမှာ ITC Trade Map အရ တရုတ်နှင့် ထိုင်း တို့ဖြစ်ကြသည်။

## ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ မက္ကဒေးမီးယား တင်ပို့မှု

၃။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ မက္ကဒေးမီးယား တင်ပို့မှုပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ မက္ကဒေးမီးယား တင်ပို့မှု တန်ဖိုးပြဇယား**

**Fig 3: List of exporters for the selected product**

Product: **080261 Fresh or dried macadamia nuts, in shell**

**Unit : US Dollar thousand**

| NO | Exporters | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 | Exported value in 2018 |
|---|---|---|---|---|---|---|
| 1 | South Africa | 105573 | 121078 | 77796 | 128681 | 121281 |
| 2 | Australia | 0 | 92841 | 114503 | 101143 | 80066 |
| 3 | Hong Kong, China | 49366 | 36385 | 26066 | 39512 | 54712 |
| 4 | Guatemala | 2929 | 2367 | 6643 | 21497 | 18264 |
| 5 | Zimbabwe | 4940 | 9101 | 11630 | 14269 | 15549 |
| 6 | United States of America | 1430 | 9983 | 7585 | 10302 | 9299 |
| 7 | Brazil | 2570 | 875 | 841 | 3638 | 4788 |
| 8 | Mozambique | 0 | 0 | 0 | 644 | 3815 |
| 9 | Germany | 129 | 65 | 148 | 833 | 2691 |
| 10 | China | 3561 | 3751 | 1953 | 358 | 2059 |
| 11 | Myanmar | 0 | 5 | 0 | 9 | 3 |
| 12 | other | 4912 | 3907 | 4758 | 4396 | 3105 |
| 13 | World Total | 175410 | 280358 | 251923 | 325282 | 315632 |

**Source: ITC TradeMap**

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၂၃) တွင်ရှိပါသည်။

# ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်းမြန်မာနိုင်ငံကပြည်ပသို့ မက္ကဒေးမီးယား တင်ပို့မှုပမာဏပြဇယား

**Fig 4: List of exporters for the selected product**

Product: 080261 Fresh or dried macadamia nuts, in shell

| No | Exporters | 2014 Exported quantity , Tons | 2015 Exported quantity , Tons | 2016 Exported quantity , Tons | 2017 Exported quantity , Tons | 2018 Exported quantity , Tons |
|---|---|---|---|---|---|---|
| 1 | South Africa | 21770 | 22844 | 14811 | 21821 | 24861 |
| 2 | Australia | 0 | 19084 | 21024 | 18820 | 15689 |
| 3 | Hong Kong, China | 17945 | 13164 | 11523 | 16746 | 14241 |
| 4 | Zimbabwe | 2298 | 3200 | 4480 | 4872 | 4878 |
| 5 | Guatemala | 1469 | 1653 | 2229 | 5141 | 3754 |
| 6 | United States of America | 729 | 5854 | 4562 | 5976 | 3644 |
| 7 | Brazil | 625 | 166 | 273 | 903 | 990 |
| 8 | Mozambique | 0 | 0 | 0 | 185 | 905 |
| 9 | China | 803 | 818 | 408 | 72 | 345 |
| 10 | Germany | 14 | 4 | 11 | 47 | 144 |
| 11 | Myanmar | 0 | 1 | 0 | 13 | 4 |
| 12 | other | 894 | 821 | 644 | 650 | 559 |
| 13 | World Total | 46547 | 67609 | 59965 | 75246 | 70014 |

**Source: ITC TradeMap**

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၃၆) တွင်ရှိပါသည်။

၄။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့စျေးကွက်တွင် မက္ကဒေးမီးယား တင်ပို့သောနိုင်ငံ ၅၆ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည်ပမာဏအားဖြင့် တင်ပို့မှုတွင် အဆင့် ၂၃၊ တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် ၃၆ နေရာတွင်ရှိနေပါသည်။

**အာရှထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)**

**Fig 5: Top 10 Asia Importers in 2018**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|
| Viet Nam | 104225 | 23967 | 4349 | 36.3 |
| China | 73096 | 15804 | 4625 | 25.4 |
| Malaysia | 2551 | 206 | 12383 | 0.9 |
| Kyrgyzstan | 425 | 984 | 432 | 0.1 |
| Philippines | 285 | 19 | 15000 | 0.1 |
| Korea, Republic of | 78 | 6 | 13000 | 0 |
| Japan | 62 | 9 | 6889 | 0 |
| Jordan | 58 | 3 | 19333 | 0 |
| Bahrain | 57 | 6 | 9500 | 0 |
| Cyprus | 54 | 3 | 18000 | 0 |

**Source : ITC TradeMap**

၅။ ၂၀၁၈ ခုနှစ်တွင် မက္ကဒေးမီးယား ကိုအာရှနိုင်ငံများအနက် အများဆုံးဝယ်ယူလျက်ရှိသော နိုင်ငံများမှာ ဗီယက်နမ်၊ တရုတ်၊ မလေးရှား၊ ကာဂျစ္စတန်၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ ဂျပန် ၊ ဂျော်ဒန်၊ ဘာရိန်း၊ဆိုက်ပရပ်တို့ဖြစ်ကြသည်။ဗီယက်နမ်သည်၂၀၁၈ခုနှစ်တွင် သွင်းကုန်တန်ဘိုးကန်ဒေါ်လာ ၁၀၄ ဒသမ ၂၂၅ သန်းဖိုးနှင့် အရေအတွက် ၂၃၉၆၇ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး တရုတ်က ကန်ဒေါ်လာ ၇၃ ဒသမ ၀၉၆ သန်းဖိုးနှင့် အရေအတွက် ၁၅၈၀၄ တန်ဖြင့် ဒုတိယအများဆုံး၊ မလေးရှားက ကန်ဒေါ်လာ ၂ ဒသမ ၅၅၁ သန်းဖိုး၊ အရေအတွက် ၂၀၆ တန်ဖြင့် တတိယ


အများဆုံး ဝယ်ယူလျက်ရှိ ကြောင်းတွေ့ရသည်။ ထို့နောက် ကာဂျစ္စတန် ၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ ဂျပန်၊ ဂျော်ဒန်၊ ဘာရိန်း၊ ဆိုက်ပရပ်တို့က အစဉ်လိုက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)

**Fig 6: Top 10 World exporters in 2018**

| Exporter Countries | Value Exported in 2018 (US$,000) | Quantity Exported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| South Africa | 121281 | 24861 | 4878 | 38.4 |
| Australia | 80066 | 15689 | 5103 | 25.4 |
| Hong Kong, China | 54712 | 14241 | 3842 | 17.3 |
| Guatemala | 18264 | 3754 | 4865 | 5.8 |
| Zimbabwe | 15549 | 4878 | 3188 | 4.9 |
| United States of America | 9299 | 3644 | 2552 | 2.9 |
| Brazil | 4788 | 990 | 4836 | 1.5 |
| Mozambique | 3921 | 926 | 4234 | 1.2 |
| Germany | 2691 | 144 | 18688 | 0.9 |
| China | 2059 | 345 | 5968 | 0.7 |
| Myanmar | 3 | 4 | 750 | 0 |

**Source : ITC TradeMap**




Source : ITC TradeMap




Source : ITC TradeMap

၆။ ၂၀၁၈ ခုနှစ်တွင် မက္ကဒေးမီးယား (HS.Code–080261) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ တောင်အာဖရိက၊ ဩစတြေးလျ၊ ဟောင်ကောင်(တရုတ်)၊ ဂွာတီမာလာ၊ ဇင်ဘာဘွေ၊ အမေရိကန်၊ ဘရာဇီး၊ မိုဇမ်ဘစ်၊ ဂျာမဏီ၊ တရုတ်တို့ဖြစ်ကြသည်။ တောင်အာဖရိက ကန်ဒေါ်လာ ၁၂၁ ဒသမ ၂၈၁ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၃၈ ဒသမ ၄ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကို တွေ့ရသည်။ ဒုတိယနေရာရှိ ဩစတြေးလျက ကန်ဒေါ်လာ ၈၀ ဒသမ ၀၆၆ သန်းဖိုး ရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၂၅ ဒသမ ၄ ရာခိုင်နှုန်း၊ တတိယနေရာရှိ ဟောင်ကောင်(တရုတ်)က ကန်ဒေါ်လာ ၅၄ ဒသမ ၇၁၂ သန်းဖိုး နှင့်ဈေးကွက် ဝေစု ၁၇ ဒသမ ၃ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် ဂွာတီမာလာ၊ ဇင်ဘာဘွေ၊ အမေရိကန်၊ ဘရာဇီး၊ မိုဇမ်ဘစ်၊ ဂျာမဏီ၊ တရုတ်တို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေနှင့် ဂျာမဏီက ပထမ၊ တရုတ်က ဒုတိယ၊ ဩစတြေးလျက တတိယ၊ တောင်အာဖရိကက စတုတ္ထနှင့် ဂွာတီမာလာက ပဥ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့မက္ကဒေးမီးယား တင်ပို့သောနိုင်ငံ (၄၀) နိုင်ငံရှိပြီး မြန်မာနိုင်ငံ ကအဆင့် (၃၆) နေရာတွင်ရှိသည်။

## EU နိုင်ငံများမှ မက္ကဒေးမီးယား တင်သွင်းမှု

၇။ ၂၀၁၈ ခုနှစ်တွင် မက္ကဒေးမီးယား အများဆုံး တင်သွင်းခဲ့သော EUထိပ်တန်း (၅) နိုင်ငံမှာ ဂျာမဏီ၊ နယ်သာလန်စ်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီတို့ဖြစ်ကြပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် (၅) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှု ရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် (၂)နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

**Fig 7: Top Five EU Importers with the Biggest Growth in value Between 2014 and 2018**

| Importer | Annual growth in value between 2014–2018 (%) | Annual growth in value between 2017–2018 (%) |
|---|---|---|
| Germany | 16 | 1567 |
| Netherlands | 184 | 180 |
| United Kingdom | –37 | –77 |
| France | –4 | –50 |
| Italy | –23 | –56 |

**Source : ITC TradeMap**

၈။ မက္ကဒေးမီးယား အများဆုံး တင်သွင်းသော EU ထိပ်တန်း (၅) နိုင်ငံ၏ ၂၀၁၈ ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည် –

**Fig 8: Top Five Fresh or dried macadamia nuts, in shell Importers of EU in 2018**

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2018 (USD thousand) | Quantity imported in 2018 | Unit value (USD/unit) | Share in world imports (%) |
| European Union (EU 28) Aggregation | 4278 | 435 | | 1.5 |
| Germany | 1634 | 252 | 6484 | 0.6 |
| Netherlands | 904 | 56 | 16143 | 0.3 |
| United Kingdom | 414 | 37 | 11189 | 0.1 |
| France | 286 | 14 | 20429 | 0.1 |
| Italy | 235 | 28 | 8393 | 0.1 |

**Source : ITC TradeMap**

၉။ ၂၀၁၈ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် မက္ကဒေးမီးယား တင်သွင်းမှုပမာဏသည် ၄၃၅ တန် ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၄ ဒသမ ၂၇၈ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက် ၁ ဒသမ ၅ ရာခိုင်နှုန်း ဈေးကွက်ဝေစု ရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၁၀။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် တရုတ်၊ မလေးရှားတို့က MFN duties သုည ရာခိုင်နှုန်း၊ အမေရိကန်က MFN duties တစ်ကီလိုဂရမ်ကို ၁ ဒသမ ၃ ဆင့်နှုန်း၊ GSP countries အတွက် သုည ရာခိုင်နှုန်း၊ ဂျာမဏီ၊ နယ်သာလန်စ်၊ အင်္ဂန်၊ ပြင်သစ်၊ အီတလီ တို့က MFN duties သုညဒသမ ၀၂ ရာခိုင်နှုန်း၊ LDC Countries အတွက် သုည ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**Tariff Rate of Fresh or dried macadamia nuts, in shell**

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| China | MFN duties (Applied) | 0 |
| Malaysia | MFN duties (Applied) | 0 |
| USA | MFN duties (Applied) | 1.3 cents/kg |
| | Preferential tariff for GSP countries | 0 |
| Germany | MFN duties (Applied) | 0.02 |
| | Preferential tariff for Least Developed Countries | 0 |
| Netherland | MFN duties (Applied) | 0.02 |
| | Preferential tariff for Least Developed Countries | 0 |
| United Kingdom | MFN duties (Applied) | 0.02 |
| | Preferential tariff for Least Developed Countries | 0 |
| France | MFN duties (Applied) | 0.02 |
| | Preferential tariff for Least Developed Countries | 0 |
| Italy | MFN duties (Applied) | 0.02 |
| | Preferential tariff for Least Developed Countries | 0 |

**Source: Market Access Map**

## အလားအလာရှိသောဈေးကွက်တစ်ခုစီလေ့လာချက်

### တရုတ် ဈေးကွက်

Fig 9 : Top 8 world exporters to China in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
| --- | --- | --- | --- | --- |
| Australia | 40940 | 8635 | 4741 | 49.1 |
| South Africa | 21983 | 3865 | 5688 | 26.4 |
| Hong Kong, China | 11383 | 1846 | 6166 | 13.7 |
| United States of America | 8951 | 3467 | 2582 | 10.7 |
| Mozambique | 97 | 20 | 4850 | 0.1 |
| Mexico | 23 | 16 | 1438 | 0 |
| Myanmar | 3 | 4 | 750 | 0 |
| Paraguay | 1 | 0 | | 0 |

Source : ITC Trade Map

### ထိုင်း ဈေးကွက်

Fig 10: Top 1 world exporters to Thailand in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
| --- | --- | --- | --- | --- |
| Myanmar | 6 | 6 | 1000 | 100 |

Source : ITC Trade Map

## မလေးရှား ဈေးကွက်

Fig 11: Top 6 world exporters to Malaysia in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Australia | 1982 | 164 | 12085 | 77.7 |
| South Africa | 328 | 18 | 18222 | 12.9 |
| Hong Kong, China | 145 | 7 | 20714 | 5.7 |
| China | 91 | 18 | 5056 | 3.6 |
| United Arab Emirates | 3 | 0 | | 0.1 |
| Singapore | 2 | 0 | | 0.1 |

Source : ITC Trade Map

## အမေရိကန် ဈေးကွက်

Fig 12: Top 5 world exporter to United States of America in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Kenya | 591 | 380 | 1555 | 44.2 |
| Brazil | 441 | 249 | 1771 | 33 |
| South Africa | 304 | 196 | 1551 | 22.7 |
| China | 2 | 0 | | 0.1 |
| Kenya | 591 | 380 | 1555 | 44.2 |

Source : ITC TradeMap

## ဂျာမဏီ ဈေးကွက်

Fig 13: Top 5 world exporter to Germany in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Spain | 922 | 150 | 6147 | 56.4 |
| Australia | 679 | 98 | 6929 | 41.6 |
| Guatemala | 14 | 3 | 4667 | 0.9 |
| Mexico | 13 | 1 | 13000 | 0.8 |
| South Africa | 6 | 1 | 6000 | 0.4 |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး ဈေးကွက်များ ရွေးချယ်ခြင်း

၁၁။ ကမ္ဘာပေါ်တွင် မက္ကဒေးမီးယားအများဆုံး တင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် ဗီယက်နမ်သည် ကမ္ဘာ့မက္ကဒေးမီးယား အများဆုံးဝယ်ယူသော နိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ဈေးကွက်ဝေစု ၃၆ ဒသမ ၃ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယ ဟောင်ကောင် (တရုတ်) က ဈေးကွက်ဝေစု ၃၃ ဒသမ ၁ ရာခိုင်နှုန်း၊ တတိယ တရုတ်က ဈေးကွက်ဝေစု ၂၅ ဒသမ ၄ ရာခိုင်နှုန်းရရှိနေသည်။ မြန်မာနိုင်ငံမှ မက္ကဒေးမီးယားများကို ယခုလက်ရှိ အချိန်တွင် အများဆုံး တင်ပို့နေသော နိုင်ငံများမှာ တရုတ်နှင့် ထိုင်းတို့ဖြစ်ကြောင်း ITC Trade Data အရသိရသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့မက္ကဒေးမီးယားကို အများဆုံးဝယ်ယူသောနိုင်ငံမှာ ထိုင်းဖြစ်ပြီး ဈေးကွက်ဝေစု ၁၀၀ ရာခိုင်နှုန်းရရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ပို့ကုန်ထိပ်တန်း ၁၀ နိုင်ငံစာရင်း မဝင်သော်လည် ထိုင်းသို့တင်ပို့မှုတွင် အဆင့် (၁) နှင့် တရုတ်သို့ တင်ပို့မှုတွင် အဆင့် (၇) နေရာတွင်စာရင်းဝင်လျက်ရှိသည်။ တရုတ်သည် ကမ္ဘာ့ဝယ်လိုအား အဆင့် (၃) နေရာတွင်ရှိခြင်း၊ ထိုင်းသည်ကမ္ဘာ့ဝယ်လိုအား ထိပ်တန်းစာရင်းမဝင်သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်၍ အခွန်သက်သာခွင့်ရှိခြင်းတို့ကြောင့်လက်ရှိဈေးကွက်ထိုင်းနှင့်တရုတ်တို့သို့ဈေးကွက်တိုးချဲ့သင့်ပါသည်။

မလေးရှား၊ အမေရိကန်တို့သည်လည်း ကမ္ဘာ့ဝယ်လိုအား ထိပ်တန်းစာရင်းဝင်နိုင်ငံဖြစ်နေခြင်း၊ ဂျာမဏီသည်လည်း ကမ္ဘာ့ဝယ်လိုအားနှင့် အီးယူဝယ်လိုအား ထိပ်တန်းနိုင်ငံများဖြစ်နေခြင်း၊ အခွန်နည်းပါးခြင်းတို့ကြောင့် မလေးရှား၊ အမေရိကန်နှင့် ဂျာမဏီတို့သည် ဈေးကွက်ထိုးဖောက်သင့်သောနိုင်ငံများဖြစ်ပါသည်။